မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

အမှတ် ၁၅ ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ (၅) ရပ်ကွက်၊ အမှတ် စီ-၇ နေ ဒေါ်နွဲ့နွဲ့ဝင်း [၁၀/မဒန (နိုင်) ၀၀၆၅၅၅] အား ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ စိုင်းရကြီးဝိုင်း၊ အကွက်အမှတ် ၈၄ အတွင်း ကျွန်းစိုက်ခင်း ၂၀၀ ဧကကို တစ်ဖက်ဇယားပါ

စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့်ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | စိုင်းရကြိုးဝိုင်း | ၈၄ | ၂၀၀ | ၂၀၁၂-၂၀၁၃ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## လွှတ်တော်ရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက် )

**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ (၁၄-၃-၂၀၁၃) တွင် ယင်းမာပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်မှ "ပြဋ္ဌာန်းပြီးသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့ လျှောက်လွှာပုံစံ (၁) ကို ရယူလျှောက်ထားကြရန်လိုကြောင်း သိရှိရေးကို အသိပေးနှိုးဆော်မည့်အစီအစဉ်များနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်" နှင့် စပ်လျဉ်းသည့်မေးခွန်းအား မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းမှဖြေကြားခြင်းများ**

**ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်) ၏ ပြဋ္ဌာန်းပြီးသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့ လျှောက်လွှာပုံစံ (၁) ကို ရယူလျှောက်ထားကြရန်လိုကြောင်း သိရှိရေးကို အသိပေးနှိုးဆော်မည့်အစီအစဉ် များနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင် လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်နှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တောင်သူလယ်သမားများအတွက် ပြဋ္ဌာန်းထားတဲ့ လယ်ယာမြေ

ဥပဒေသစ်နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်တဲ့ကိစ္စနှင့်ပတ်သက်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် မေးခွန်းနှစ်ခုကို မေးမြန်းလိုပါတယ်။ တကယ်တော့ ကျွန်တော်တို့လွှတ်တော်နှင့် နိုင်ငံတော်အစိုးရဟာ တောင်သူလယ်သမားတွေရဲ့ အဓိကအသက်သွေးကြောဖြစ်တဲ့ မြေယာနှင့်ပတ်သက် ပြီးတော့ လယ်ယာမြေဥပဒေကို စေတနာအပြည့်အဝနှင့် ဘယ်ခေတ်ကမှမရရှိနိုင်တဲ့ အကျိုးရလဒ်အခွင့် အရေးများ ထည့်သွင်းပြီး ပြဋ္ဌာန်းထားခဲ့ပါတယ်။ သို့သော်လည်းပဲ ဒီပြဋ္ဌာန်းထားချက်တွေကို အကျိုးရလဒ် အခွင့်အရေးများကို လယ်သမားများ ခံစားနိုင်ဖို့ကတော့ လယ်သမားများကိုယ်တိုင်က လက်ရှိအသုံးချခွင့် ရထားတဲ့ မြေယာလုပ်ပိုင်ခွင့်ကို အသုံးချခွင့်ရတဲ့မြေယာကို လက်ရှိဥပဒေနှင့် အတည်ပြုပြီးတဲ့ဥပဒေအရ မှတ်ပုံတင်ကြမှသာလျှင် ဒီအကျိုးရလဒ်တွေကို ခံစားရမှာဖြစ်ပါတယ်။ ဒီဟာကို ကျွန်တော်တို့ လယ်ယာမြေ နည်းဥပဒေ အထွေထွေအခန်း (၁၃) မှာ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ အခန်း (၁၃) အထွေထွေ ပုဒ်မ ၁၁၄ မှာ လယ်ယာမြေအသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရန် လျှောက်ထားခြင်းမရှိပါက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအဖြစ် သတ်မှတ်ခြင်းမခံရသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးကို ရပိုင်ခွင့်မရှိစေရလို့ အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က စေတနာနဲ့ လယ်ယာမြေဥပဒေကို ပြဋ္ဌာန်းပေးသော်လည်း သက်ဆိုင်ရာ တောင်သူလယ်သမားများက ဗဟုသုတ အသိအမြင်နည်း၍လည်းဖြစ်စေ၊ ပေါ့လျော့မှုကြောင့်လည်းဖြစ်စေ သတ်မှတ်တဲ့ကာလအတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံမတင်လိုက်ဘူးဆိုရင် လယ်ယာမြေလုပ်ပိုင်ခွင့်ပါ ဆုံးရှုံးသွားနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဇန်နဝါရီလ ၁ ရက်နေ့ကနေပြီးတော့ မတ်လ ၃၁ ရက်နေ့ အပြီးဆောင်ရွက်မယ်လို့ ဖြေကြားသွားခဲ့တဲ့ အပေါ်မှာ ကျွန်တော့်အနေနဲ့ လယ်သမားများ နစ်နာမှာကို စိုးရိမ်ပြီးတော့ ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ တကယ်တော့ စေတနာနဲ့လုပ်ပေးသော်လည်း၊ ပြဋ္ဌာန်းပေးသော်လည်း အချိန်ကန့်သတ်ချက်အရ အကြောင်း အမျိုးမျိုးကြောင့်များ လယ်ယာမြေမှတ်ပုံမတင်မိခဲ့ရင် ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၁၁၄ အရ လယ်ယာမြေဆုံးရှုံး သွားနိုင်သည့်အဆင့်ထိအောင် ခံစားသွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ လယ်ယာမြေဥပဒေ အရ အကျိုးခံစားခွင့်တွေကိုလည်း လယ်သမားတွေက သိရှိပြီးတော့ ငါတို့သည် ငါတို့ရဲ့လက်ရှိလုပ်ကိုင်နေတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ကို နောက်အတည်ပြုထားတဲ့ဥပဒေအရ အကျိုးခံစားခွင့်များရရှိရေးအတွက် မှတ်ပုံတင်ရမှာပါလား။ မှတ်ပုံတင်မှသာလျှင် ငါတို့ရဲ့ လယ်ယာမြေအကျိုးခံစားခွင့်ဖြစ်တဲ့ ပုဒ်မ ၉ မှာ ဖော်ပြထားတဲ့ ရောင်းခြင်း၊ ပေါင်ခြင်း၊ လွှဲပြောင်းခြင်း စသည်ဖြင့် ပုဒ်မ ၁၃ မှာ ဖော်ပြထားတဲ့ ပြဿနာဖြစ်ရင် ရှင်းလင်းပိုင်ခွင့်၊ ပုဒ်မ ၂၆ မှာ ဖော်ပြထားတဲ့ နစ်နာကြေးများ ရပိုင်ခွင့် စတဲ့ ပိုင်ခွင့်တွေ ရမှာပါလားဆိုတာ အသိရှိဖို့လိုပါတယ်။ ဒါတွေကို သက်ဆိုင်ရာအဖွဲ့အစည်းတွေက အသိပေးစည်းရုံးဆော်သြ ပြောဆိုသင့်မယ်လို့ ကျွန်တော့်အနေနဲ့ ခံယူပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာမြေမှတ်ပုံတင်တဲ့၊ မှတ်ပုံတင်ခွင့်ပြုတဲ့ အချိန် ကာလအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင်ခြင်း မကျန်ရစ်အောင် ကျွန်တော်တို့ ဆောင်ရွက်သင့်တယ်လို့ မြင်တဲ့အတွက် အောက်ပါမေးခွန်း ၂ ခုကို မေးမြန်းလိုပါတယ်။ (၁) ကတော့ ပြဋ္ဌာန်းပြီးတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ တောင်သူလယ်သမားများက မိမိတို့လက်ရှိလယ်ယာ မြေများကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် အခမဲ့လျှောက်လွှာပုံစံ ၁ ကို ရယူလျှောက်ထားကြရန်လိုကြောင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးကို အဆောတလျင် အသိပေးနှိုးဆော်မည့်အစီအစဉ်များ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ။ (၂) ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်း မရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံ ဆောင်ရွက်ပေးသွားမည့် အစီအမံများ ချမှတ်ထားခြင်း ရှိ၊ မရှိတို့ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဦးသောင်းဟန် (ယင်းမာပင်မဲဆန္ဒနယ်) ၏ ပြဋ္ဌာန်းပြီးသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့ လျှောက်လွှာပုံစံ (၁) ကို ရယူလျှောက်ထားကြရန်လိုကြောင်း သိရှိရေးကို အသိပေးနှိုးဆော်မည့်အစီအစဉ်များနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူများအား လယ်ယာမြေမှတ်ပုံတင် လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံဆောင်ရွက်ပေးသွားမည်နှင့်စပ်လျဉ်းသည့်မေးခွန်းအား ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) မှ ဖြေကြားချက်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ရဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မေးမြန်းထားချက်အရ ပြဋ္ဌာန်းပြီးတဲ့ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ရရှိရေးအတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် အခမဲ့လျှောက်လွှာပုံစံ (၁) ကို ရယူလျှောက်ထားကြရန်လိုကြောင်း သိရှိရေးကို အသိပေးနှိုးဆော်မည့်အစီအစဉ်များနှင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူလယ်သမားများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးကို မည်သို့ဆက်လက်စီမံ ဆောင်ရွက်ပေးသွားမည်နည်းဆိုသောမေးခွန်း ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၁) အဖြစ် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့် လယ်ယာမြေ ဥပဒေများအား **၃၀-၃-၂၀၁၂** ရက်နေ့ထုတ် သတင်းစာများတွင် ထည့်သွင်းဖော်ပြထားခဲ့သည့်အပြင် တောင်သူလယ်သမားများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် လယ်ယာမြေဥပဒေစာအုပ်ပေါင်း ၂၈၀၀၀ ကျော်ကို ပုံနှိပ်၍ ရပ်ကွက်ကျေးရွာအုပ်စုများသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေ အရ ရေးဆွဲပြဋ္ဌာန်းအတည်ပြုပြီးဖြစ်သည့် လယ်ယာမြေနည်းဥပဒေများ၊ စာအုပ်များကိုလည်း လက်တွေ့ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ကွင်းဝန်ထမ်းများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများအားလုံးတွင် ရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။ ကျေးလက်ဒေသ တောင်သူလယ်သမားများအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အပြင် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် သိရှိထားသင့်သော အကြောင်းအရာများ လက်ကမ်းစာစောင် အစောင် ၁၀၀,၀၀၀ ကို ခရိုင်၊ မြို့နယ်များအားလုံးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှတစ်ဆင့် ဖြန့်ဝေအသိပေး ဆောင်ရွက်ခဲ့ပါတယ်။

သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှတစ်ဆင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာသင်ပုန်းကပ်ထားခြင်း၊ အသံချဲ့စက်ဖြင့် လှုံ့ဆော်ခြင်း၊ လက်ကမ်း စာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ထားရှိပြီး တောင်သူလယ်သမားများ သားစဉ်မြေးဆက် အဆက်ဆက် ဘဝအာမခံချက်ရရှိဖို့ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ကြစို့ဆိုသော လှုံ့ဆော်ရေးပိုစတာ စိုက်ထူခြင်း၊ ကွင်းအလိုက် တောင်သူများစုစည်း၍ အသိပညာပေးခြင်းနှင့် လျှောက်လွှာပုံစံများဖြည့်သွင်း ရေးသားရာတွင် အမှားအယွင်းမရှိစေရန် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိအသုံးပြုခွင့်ရရှိထားသော လယ်ယာမြေကို လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရေးအတွက် လယ်ယာ မြေလုပ်ပိုင်ခွင့်လျှောက်လွှာများအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ပုံနှိပ်ပေးပြီး ၁-၁-၂၀၁၃ ရက်နေ့မှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် တောင်သူ လယ်သမားများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိပြီး ၁၂-၃-၂၀၁၃ ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် တောင်သူလယ်သမားများ လက်ဝယ်အရောက် လျှောက်လွှာပေါင်း ခြောက်ဒသမရှစ်ကိုးသန်း ဖြန့်ဝေပေးခဲ့ပြီး ဖြစ်၍ ဆက်လက်ဖြန့်ဝေလျှောက်ထားနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်များ ထုတ်ပေးခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လွယ်ကူလျင်မြန်ချောမောစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များအား စီစဉ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရေးနှင့်စပ်လျဉ်း၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ရေးအတွက် မြန်မာ့ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှလည်း ထပ်မံနှိုးဆော်နိုင်ရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အကြောင်းအမျိုးမျိုးကြောင့် လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ခြင်းမရှိသော တောင်သူလယ်သမားများအား လယ်ယာမြေမှတ်ပုံတင်လျှောက်ထားနိုင်ရေးအတွက် ၂၆-၂-၂၀၁၃ ရက်နေ့ထုတ် သတင်းစာနှင့်မြန်မာ့ရုပ်မြင်သံကြားတို့မှတစ်ဆင့် တောင်သူလယ်သမားအားလုံးအတွက် လယ်ယာမြေပိုင်ဆိုင်ခွင့်မှတ်ပုံတင်ခြင်းလုပ်ငန်းများအား ရာနှုန်းပြည့်ပြီးစီးသည်အထိ ၂၀၁၃-၂၀၁၄ တစ်နှစ်တာကာလပတ်လုံး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ရွာအလိုက် တောင်သူလယ်သမားများအား စုစည်း၍ လှည့်လည်ကွင်းဆင်းဟောပြောခြင်း၊ နှိုးဆော်သတိပေးခြင်းတို့ကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ထို့အပြင် အမွေကြောင်းအရ ပေါ်ပေါက်လာနိုင်သည့်ကိစ္စများ အပါအဝင် အငြင်းပွားမှုများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ရန် ကျန်ရှိပါကလည်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စွာ အချိန်နှင့်တစ်ပြေးညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားသည့်မေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စွာဖြင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဥက္ကဋ္ဌအဖြစ် ပါဝင်သော သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်တို့မှ မြေပြင်တွင် အမှန်တကယ်တရားဝင်လုပ်ကိုင်လျက်ရှိနေသော တောင်သူလယ်သမားများ၏ ဦးပိုင်လုပ်ကွက်များအားလုံး လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရရှိနိုင်စေရန် စီမံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ မျက်ခြည်မပြတ် အစဉ်တစိုက်ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ကွပ်ကဲဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

### အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ ၃၇ လမ်း (အောက်)၊ (၅) လွှာ၊ အမှတ် (၁၀၄) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ**အား ၂၀၁၃

ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ **( ၆၂ )** ဖြစ်ပါသည်။

အမိန့်အရ

တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက် )

အမှတ် ၁ ။ ။ မရွေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် (၁၇၃၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က)၊ မြေကွက်အမှတ် (၂၉)၊ မြေအမျိုးအစားမြေပိုင်မြေ၊ ဧရိယာ (၀. ၉၁၀) ဧကအနက် ဧရိယာ (၀. ၀၄၀) ဧကရှိ မြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်သည်။

ဖော်ပြပါမြေအား တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် မရွေ့မပြောင်းနိုင်သောပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် (၁၇) အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးလိုက်သည်။

အမှတ် ၂ ။ ။ မရွေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက် (၃)၊ ရွှေဘုံသာရပ်ကြာနီလမ်း၊ အမှတ် (၁၀၈)၊ ဦးပိုင် (၁၂၈)၊ ၅၁-ကုလားတန်းရပ်၊ ဂရန်မြေ၊ ဧရိယာ (၀. ၀၃၇) ဧကရှိမြေအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း အကြောင်းကြားစာထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ဖော်ပြပါမြေသည် မရွေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေနှင့် အကျုံးဝင်ခြင်းမရှိသဖြင့် တည်ဆဲဥပဒေများနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေတွင် ဖွင့်ဆိုထားသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ဆိုသည်။

(ခ) **နယ်စပ်မြစ်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သော အိမ်နီးချင်းနိုင်ငံတို့၏ နယ်နိမိတ်အကြားတွင်ရှိပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် နယ်နိမိတ်မျဉ်း သတ်မှတ်ထားသောမြစ်ကို ဆိုသည်။

(ဂ) **ဆိပ်ကမ်း**ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေး အတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ တည်ဆဲဆိပ်ကမ်းများ အက်ဥပဒေအရဖြစ်စေ၊ ရန်ကုန်ဆိပ်ကမ်းအက်ဥပဒေအရဖြစ်စေ သတ်မှတ်ထားသောဆိပ်ကမ်းတစ်ခုခုကို ဆိုသည်။

(ဃ) **ဆိပ်ကမ်းနယ်**ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များဆင်းတက်ရန်နှင့် ကုန်စည်များတင်ချရေး အတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ ပို့ဆောင်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ထားခြင်းမရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံးပုံမှန်ရေမြင့်အမှတ်ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်း ပိုင်းသို့ ပေ ၁၅၀ အထိရှိသော ဆိပ်ကမ်းမြေနယ်နိမိတ်ကို ဆိုသည်။

(င) **သင်္ဘောကျင်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ် များ၏ ကိုယ်ထည်ပိုင်းနှင့်စက်ပိုင်းဆိုင်ရာများ ပြုပြင်သောအလုပ်ရုံကို ဆိုသည်။

(စ) **ရေစိုသင်္ဘောကျင်း**ဆိုသည်မှာ မြစ်ချောင်းနယ်နှင့် ကမ်းပါးနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းဆိုင်ရာ ပြင်ဆင်ရန် ယာယီတည်ဆောက်ထားပြီး ရေဝင်ရေထွက်တံခါးမရှိသော အလုပ်ရုံကို ဆိုသည်။

(ဆ) **ရေလုံသင်္ဘောကျင်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းတွင် ရေယာဉ်များ၏ ကိုယ်ထည်ပိုင်းနှင့်စက်ပိုင်းဆိုင်ရာများ ပြုပြင်ရန် ရေဝင်ရေထွက်တံခါးဖြင့် တည်ဆောက်ထားသောအလုပ်ရုံကို ဆိုသည်။

(ဇ) **လွှန်းလမ်း**ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေယာဉ်အား လွှန်းတင်၍ ပြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သောလမ်းကို ဆိုသည်။

(ဈ) **ကမ်းထိန်းနံရံ**ဆိုသည်မှာ မြစ်ချောင်းများ၏ကမ်းပါးများ ရေတိုက်စားခြင်းမခံရစေရန် တည်ဆောက်ထားသည့် အဆောက်အအုံကို ဆိုသည်။

(ည) **ရေလွှဲရေကာ**ဆိုသည်မှာ မြစ်ချောင်းများ၏ ရေစီးကြောင်းလားရာပြောင်းလဲစေရန် ရည်ရွယ်၍ ဆောက်လုပ်ထားသော အဆောက်အအုံကိုလည်းကောင်း၊ ကမ်းပြိုမှုကာကွယ်ရန်နှင့် ရေနက်ကြောင်း လမ်းကြောင်းပြောင်းလဲမှုဖြစ်စေရန် တည်ဆောက်ထားသောအဆောက်အအုံကို လည်းကောင်း ဆိုသည်။

(ဋ) **ရေမြွာပေါက်ပိတ်ရေကာ**ဆိုသည်မှာ မြစ်ချောင်းများအတွင်း လိုအပ်သောရေလမ်းကြောင်း ပိုမိုဖွံ့ဖြိုးစေရန် မလိုအပ်သောရေမြွာပေါက်အား ပိတ်၍တည်ဆောက်ထားသောအဆောက်အအုံကို ဆိုသည်။

(ဌ) **နုန်းဖမ်းရေကာ**ဆိုသည်မှာ ရေစီးတွင်ပါသော သဲနုန်းတို့အား အနည်ကျစေရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဍ) **လှိုင်းကာ**ဆိုသည်မှာ လှိုင်းရိုက်ခတ်မှုကြောင့် ကမ်းပါးပြိုကျမှုမှ ကာကွယ်ရန် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဎ) **နစ်မြုပ်ရေယာဉ်**ဆိုရာတွင် မြစ်ချောင်းနယ်၊ ကမ်းနားနယ်နှင့် ကမ်းပါးနယ်အတွင်း နစ်မြုပ်နေသော ရေယာဉ်များ၊ အခြားယာဉ်များ၊ ယန္တရားများနှင့်ပစ္စည်းတစ်မျိုးမျိုးတို့ ပါဝင်သည်။

(ဏ) **ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း**ဆိုရာတွင် ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်းအဖြစ် အောက်ပါအတိုင်း အတန်းအစား ၉ မျိုးဖြင့် ခွဲခြား၍သတ်မှတ်ထားသောပစ္စည်းများ ပါဝင်သည် -

(၁) **အတန်းအစား ၁** - ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ။ (Explosives)၊

(၂) **အတန်းအစား ၂** - ဓာတ်ငွေ့များ (Gases)၊ [မီးလောင်လွယ်သော ဓာတ်ငွေ့များ (Flammable Gases)၊ ဖိအားသုံး အလွယ်တကူမီးမလောင်နိုင်သောဓာတ်ငွေ့များ (Compressed Non-Flammable Gases)၊ နှင့် အဆိပ်ဓာတ်ငွေ့များ (Toxic Gases)]၊

(၃) **အတန်းအစား ၃** - မီးလောင်လွယ်သောအရည်များ။ (Flammable Liquids)၊

(၄) **အတန်းအစား ၄** - မီးလောင်လွယ်သောဝတ္ထုပစ္စည်းများ၊ အလိုအလျောက်လောင်ကျွမ်းစေသောအရာဝတ္ထုများ၊ ရေနှင့်ထိတွေ့လျှင် မီးလောင်လွယ်သည့်ဓာတ်ငွေ့ထွက်စေသောအရာဝတ္ထုများ (Flammable Solids; Substances liable to Spontaneous Combustion; Substances, which in Contact with Water, emit Flammable Gas)၊

(၅) **အတန်းအစား ၅** - အောက်ဆီဂျင်နှင့်ဓာတ်ပေါင်းစပ်သည့် ဝတ္ထုပစ္စည်းများနှင့် ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်အရည်များ [Oxidising Substances and Organic Peroxides (Oxidisers and Organic Peroxides)]၊

(၆) **အတန်းအစား ၆** - အဆိပ်အတောက်ဖြစ်စေသော အရာဝတ္ထုများနှင့် ကူးစက်တတ်သော အရာဝတ္ထုများ (Toxic Substances and Infectious Substances)၊

(၇) **အတန်းအစား ၇** - ဓာတ်ရောင်ခြည်သင့်စေသော ဝတ္ထုပစ္စည်းများ [Radioactive Material (Radioactive Substances)]၊

(၈) **အတန်းအစား ၈** - သံချေးတက်စေသည့် သို့မဟုတ် အက်စစ်ကဲ့သို့ စားလောင်စေသည့် ဝတ္ထုပစ္စည်းများ (Corrosive Substances)၊

(၉) **အတန်းအစား ၉** - ကုလသမဂ္ဂမှ ထောက်ခံသတ်မှတ်ထားသော ဘေးအန္တရာယ်ဖြစ်စေသည့် အခြားအရာဝတ္ထုပစ္စည်းများ (Miscellaneous Dangerous Substances)။

(တ) **အဆိပ်သင့်စေသောပစ္စည်း** (Poisonous Material) ဆိုသည်မှာ ကုန်စည်များကို သယ်ဆောင်ရာ၌ လုံခြုံစိတ်ချပြီး အဆိပ်အတောက်မဖြစ်စေရေးအတွက် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းဥပဒေများအရ အတန်းအစား ၆ အဖြစ် သတ်မှတ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် အရာဝတ္ထုများနှင့် ကူးစက်တတ်သောအရာဝတ္ထုများ (Toxic Substances and Infectious Substances) တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနက အဆိပ်သင့်ပစ္စည်းအဖြစ် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သောဝတ္ထုပစ္စည်းများလည်း ပါဝင်သည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)

## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းခြင်း

၃။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဥပဒေပါ ရည်ရွယ်ချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ -

(က) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများကို အများပြည်သူအကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရမည်။

(ခ) မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း၍ ဆောင်ရွက်ရမည်။

(ဂ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရန် စီမံချက်များ ချမှတ်၍ ဆောင်ရွက်ရမည်။

(ဃ) ရေထုညစ်ညမ်းမှုမဖြစ်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိစေရေးအတွက် ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(င) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် လိုအပ်ပါက ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။

(စ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ပြည်တွင်းရှိ မြစ်ချောင်းများအား ရေအနက် ပိုမိုလာစေရေးနှင့် ရေယာဉ်များ ဝန်တင်အလေးချိန်တိုးမြှင့်တင်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ဆ) ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် ရေအနက် ပိုမိုရရှိရေးဆောင်ရွက်ရာမှ ထွက်ရှိလာသည့် စွန့်ပစ်ဘေးထွက်ပစ္စည်းများတွင် သယံဇာတတစ်မျိုးမျိုးပါဝင်ပါက တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူစေပြီး ဆက်လက်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအား အပိုင်းအလိုက်ခွဲ၍ တာဝန်ပေးဆောင်ရွက်ခွင့်ပြုထားသော ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများသည် -

(က) ရေထုညစ်ညမ်းမှုမဖြစ်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ခြင်းမရှိစေရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေအရည်အသွေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ၊ ရေလမ်းကြောင်းကိုဖြစ်စေ ထိခိုက်မှုဖြစ်စေပါက ထိုသို့ထိခိုက်မှုမရှိစေရန် ဆောလျင်စွာပြုပြင်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထိခိုက်မှုအတွက် ပြုပြင်ပေးခြင်းမရှိလျှင် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရသည့်အတွက် ကုန်ကျစရိတ်ကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ ဦးစီးဌာနသည် -

(က) မြို့ဆိပ်ကမ်းများ တည်တံ့ပြီး မရွှေ့ပြောင်းစေရေးနှင့် မြစ်ချောင်း ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အမြဲတစေအသုံးပြုနိုင်ရေးတို့အတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) မြစ်ချောင်း၊ ရေလမ်းကြောင်းများပြောင်းလဲမှုကြောင့် မြို့ရွာများ ရေတိုက်စားကမ်းပြိုမှုမှကာကွယ်ရန် စီမံဆောင်ရွက်ရမည်။

(ဂ) မြစ်ချောင်းအတွင်းနှင့် မြစ်ချောင်းအနီးတို့တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးခြင်း မရှိစေရန် စီမံဆောင်ရွက်ရမည်။

(ဃ) မြစ်ရေတက်ပြီး စိုးရိမ်ရေမှတ်ရောက်သည့်အခါ မြို့များအလိုက် စိုးရိမ်ရေမှတ် သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ရာတွင် မှန်ကန်မှုရှိစေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(င) မြစ်ချောင်းများအတွင်း ရေယာဉ်များ ကုန်စည်အလေးချိန်တိုးမြှင့်တင်ဆောင်၍ ခုတ်မောင်းသွားလာနိုင်ရန် မြစ်ကြောင်းများ၏ ရေအနက်ပိုမိုလာစေရေးနှင့် မြစ်ချောင်းများ မတိမ်ကောစေရေးတို့အတွက် မြစ်ချောင်းများတွင် လိုအပ်သည့် ရေဘက်ဆိုင်ရာနည်းပညာတည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သောင်တူးဖော်ခြင်းနှင့် တူးစာများကို စနစ်တကျစွန့်ပစ်ခြင်းများ ပြုရမည်။

(စ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်တို့နှင့်ဆက်စပ်၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းခြင်းလုပ်ငန်းလိုအပ်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လိုအပ်သော စီမံခန့်ခွဲပိုင်ခွင့်များရှိသည်။

## အခန်း (၃)

## ရေထုညစ်ညမ်းမှုကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူစာချုပ်များ၊ နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် အညီ ဆောင်ရွက်ရမည်။

၇။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ -

(က) ရေယာဉ်များမှ မစင်နှင့်အညစ်အကြေးများ မြစ်ချောင်းအတွင်းသို့ စွန့်ခြင်းမရှိစေရန်အလို့ငှာ ရေယာဉ်များ တည်ဆောက်ရာ၌ ရေလုံရေအိမ်သာများနှင့် အညစ်အကြေးစွန့်ကန်များ တပ်ဆင်အသုံးပြုရေးအတွက် ရေယာဉ်များအား မှတ်ပုံတင်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းပြီး လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်ခြင်း၊ ကြီးကြပ်ခြင်း ပြုရမည်။

(ခ) မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာသည့် ရေယာဉ်ကြောင့်သော်လည်းကောင်း၊ မြစ်ချောင်းအနီးပတ်ဝန်းကျင်ရှိ စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများ သို့မဟုတ် နေထိုင်သူများကြောင့်သော်လည်းကောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်နှင့် ဂေဟစနစ်ပျက်စီးမှုမရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းနှင့်ညှိနှိုင်းပြီး လိုအပ်သည့်အမိန့်နှင့် ညွှန်ကြားချက်များဖြင့် စည်းကမ်းချက်များ ထုတ်ပြန်သတ်မှတ်ထားရမည်။ ထိုအမိန့်နှင့်ညွှန်ကြားချက်များပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်းသို့ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ရေဆိုးများကို သန့်စင်ပြီးမှသာ စွန့်ပစ်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စီးဆင်းစေခြင်းတို့ပြုစေရန် စက်ရုံ၊ အလုပ်ရုံပိုင်ရှင်များအား ညွှန်ကြားရမည်။ ထိုသို့ သန့်စင်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုရမည်။

(ဃ) ရေထုညစ်ညမ်းစေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် တိရစ္ဆာန်အသေကောင်များကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းမပြုရေးအတွက် ပြည်သူများ လိုက်နာစေရန် အသိပညာပေးရမည်။

၈။ မည်သူမဆို -

(က) မြစ်ချောင်းများအတွင်းသို့ ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်းများ စီးဝင်ခြင်း၊ စိမ့်ထွက်ခြင်း သို့မဟုတ် ကျရောက်ခြင်းမရှိစေရန် ထိုပစ္စည်းများကို ရေယာဉ်ဖြင့် သယ်ဆောင်ရာတွင် သတ်မှတ်ထားသည့် နိုင်ငံတကာစံနှုန်းနှင့်အညီ သယ်ဆောင်ရမည်။

(ခ) ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်၊ နိုင်လွန်ကြိုးများနှင့် အခြားပလတ်စတစ်ပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ ကျရောက်ခြင်းမရှိစေရန် စနစ်တကျသယ်ဆောင်ရမည်။

(ဂ) မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်ကြေးများကျရောက်ခြင်းမရှိစေရန် ကမ်းပါးနှင့်ဝေးရာတွင် ယင်လုံအိမ်သာဆောက်ရမည်။ ထို့ပြင် မစင်နှင့်အညစ်အကြေးများအား စွန့်ကန်သို့ ပိုက်ဖြင့်လုံခြုံစွာစွန့်ပစ်ရမည်။

(ဃ) ရေထုမညစ်ညမ်းစေရန် မစင်နှင့်အညစ်အကြေးများ၊ စက်သုံးဆီ၊ ဓာတုပစ္စည်း၊ အဆိပ်သင့်ပစ္စည်း၊ ဘေးအန္တရာယ်ဖြစ်စေတတ်သောပစ္စည်း၊ အဏုမြူဓာတ်ရောင်ခြည်သင့်ပစ္စည်းများနှင့် အခြားပစ္စည်းများကို မြစ်ချောင်းများအတွင်းသို့ စွန့်ပစ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) မည်သည့်အကြောင်းကြောင့်မျှ မြစ်ချောင်းများအတွင်းသို့ မစင်နှင့်အညစ်အကြေးများကို စီးဝင်ခြင်း၊ စိမ့်ဝင်ခြင်းမရှိစေရန် လုံခြုံစိတ်ချရသည့်ကာကွယ်မှုများကို နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ မြစ်ချောင်းများအတွင်း ရေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု ကျူးလွန်သူသည် ရေထုညစ်ညမ်းမှု ကာကွယ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့အတွက် ဦးစီးဌာနက လိုအပ်၍ ပြုပြင်ပေးရပါက ကုန်ကျစရိတ် ကာမိစေရန် လုံလောက်သော တန်ဖိုးကို ဦးစီးဌာနသို့ ပေးဆောင်ရမည်။

## အခန်း (၄)

## နယ်စပ်မြစ်များ၏ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်း

၁၀။ ဦးစီးဌာနသည် -

(က) နိုင်ငံတော်ပိုင်နက်နယ်မြေ မဆုံးရှုံးစေရေးနှင့် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး အသုံးချနိုင်ရေးတို့အတွက် နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် လိုအပ်သည့် စီမံခန့်ခွဲခြင်းတို့ပြုရမည်။

(ခ) နယ်စပ်မြစ်များ၏ရေလမ်းကြောင်းများ ပြောင်းလဲခြင်း ရှိ၊ မရှိ ကမ်းပြိုကမ်းစားမှုများ ရှိ၊ မရှိ စစ်ဆေး၍ တွေ့ရှိချက်များကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) နယ်စပ်မြစ်များ၏ရေလမ်းကြောင်းများ သဘာဝအလျောက် ကမ်းပြိုကမ်းစား၍ ပြောင်းလဲသည့် အခါဖြစ်စေ၊ တစ်ဖက်နိုင်ငံက ရေလမ်းကြောင်းပြောင်းလဲစေရန် တစ်စုံတစ်ရာပြုလုပ်မှုကြောင့် ရေလမ်းကြောင်း ပြောင်းလဲဖွယ်ရာ တွေ့ရှိလျှင်ဖြစ်စေ နိုင်ငံတော်ပိုင်နက်နယ်မြေမဆုံးရှုံးစေရေး အတွက် လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနသို့ ဆောလျင်စွာ တင်ပြရမည်။

၁၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် -

(က) နည်းဥပဒေ ၁၀၊ နည်းဥပဒေခွဲ (ဂ)အရ တင်ပြချက်ကို စိစစ်ပြီး နယ်စပ်မြစ်ကြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ပိုင်နက်နယ်မြေ ဆုံးရှုံးနိုင်ဖွယ်ရာတွေ့ရှိလျှင်ဖြစ်စေ၊ နိုင်ငံတော်၏နယ်နိမိတ်အမှတ်အသားကို ပြန်လည်သတ်မှတ်ရန်ရှိလျှင်ဖြစ်စေ လိုအပ်သလိုလမ်းညွှန်မှုပြုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆောလျင်စွာတင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပါ အကြောင်းကြားရမည်။

(ခ) နိုင်ငံတော်ပိုင်နက်နယ်မြေဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏လမ်းညွှန်ချက်နှင့် အညီ နယ်စပ်မြစ်များ၏ ရေလမ်းကြောင်းများအား ကာကွယ်ထိန်းသိမ်းရေးအတွက် လိုအပ်သည် များကို ဆောင်ရွက်ရန် ဦးစီးဌာနအား ညွှန်ကြားရမည်။

၁၂။ ဦးစီးဌာနသည် ပို့ဆောင်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ နိုင်ငံတော်ပိုင်နက်နယ်မြေမဆုံးရှုံးစေရေးအတွက် နယ်စပ်မြစ်များ၏ရေလမ်းကြောင်းများအား လိုအပ်သလိုကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့ ပြုရမည်။

## အခန်း (၅)

## ရေလမ်းကြောင်းများ ကောင်းမွန်ရေးနှင့် မြစ်ချောင်းများအတွင်း ရေယာဉ်များခုတ်မောင်းသွားလာခြင်း

၁၃။ ဦးစီးဌာနသည် မြစ်ချောင်းများအတွင်း ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် အလို့ငှာ အောက်ဖော်ပြပါလုပ်ငန်းကိစ္စများ၊ နေရာများနှင့်စပ်လျဉ်း၍ သတိပေး အမှတ်အသား သို့မဟုတ် ဆိုင်းဘုတ်များကို အဝေးမှ မြင်နိုင်စေရန် လိုအပ်သလို တပ်ဆင်ထားရမည် -

(က) ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်းနှင့် ရေအောက်အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်း၊

(ခ) မြစ်ကူးတံတားကြီးများ ဆောက်လုပ်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(ဂ) မြစ်ချောင်းနယ်အတွင်း အန္တရာယ်ရှိစေနိုင်သော နစ်မြုပ်ရေယာဉ်ရှိသည့်နေရာများနှင့် နစ်မြုပ်ရေယာဉ်တူးဖော်ဆယ်ယူခြင်းလုပ်ငန်း လုပ်ကိုင်နေခြင်း၊

(ဃ) မြစ်ချောင်းနယ်အတွင်း သယံဇာတရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေခြင်း၊

(င) မြစ်ချောင်းနယ်အတွင်းမြေအောက်ရေအောက် ကြေးနန်းလိုင်း၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်းနှင့် ရေပိုက်လိုင်းများ သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများ၊ ရေအောက်ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေခြင်းနှင့် ပြုပြင်နေခြင်း၊

(စ) သွယ်တန်းတပ်ဆင်ထားသော ရေပေါ်ရေအောက်ဓာတ်ကြိုး၊ ဆက်သွယ်ရေးကြိုး၊ ဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်းများနှင့် ဖောက်လုပ်ထားသော ရေအောက်ဥမင်လိုဏ်ခေါင်းတို့ရှိသည့် နေရာများ၊

(ဆ) မြစ်ကျဉ်း၊ ကျပ်တည်းရေကြောင်းနှင့် ကျဉ်းမြောင်းရေကြောင်းများ။

၁၄။ ဦးစီးဌာနသည် ရေလမ်းကြောင်းများ ကောင်းမွန်ပြီး ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ရန်အလို့ငှာ -

(က) ရေလမ်းကြောင်းလိုအပ်ချက်အရ ခုတ်မောင်းသွားလာနိုင်သည့် ရေယာဉ်များ၏ အရွယ်အစားနှင့် လုံးပေါင်းတန်ချိန် (Gross Tonnage - GT) တို့ကို သတ်မှတ်ထားရမည်။

(ခ) တည်ဆဲဥပဒေများအရ သတ်မှတ်ထားသော ရေစူးများကို လိုအပ်ပါက ပြင်ဆင်၍သတ်မှတ်နိုင်သည်။

(ဂ) ရေလမ်းညွှန်အမှတ်အသားများကို သတ်မှတ်ထားရမည်။

(ဃ) ရေယာဉ်မှူး၊ ရေယာဉ်အုပ်၊ တက်မကိုင်နှင့် စက်မောင်းသူတို့အား သက်ဆိုင်ရာမှ ထုတ်ပေးထားသော ကျွမ်းကျင်မှုလက်မှတ်များကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။

၁၅။ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် -

(က) သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်သော ရေယာဉ်အရွယ်အစား၊ စက်မြင်းကောင်ရေပမာဏ သို့မဟုတ် တွဲအရေအတွက်ဖြင့်သာ ရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ခ) သတ်မှတ်ထားသည့် ရေစူးအနက်နှင့်ကိုက်ညီသော ရေယာဉ်ကိုသာ မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာရမည်။

(ဂ) သတ်မှတ်ထားသော ဝန်တင်ရေမှတ်ထက်ပို၍ ဝန်များ တင်ဆောင်ခြင်းမပြုဘဲ သတ်မှတ်ထားသော ရေကြောင်းလမ်းအတွင်းမှသာ ခုတ်မောင်းသွားလာရမည်။

(ဃ) ဦးစီးဌာနမှ တာဝန်ရှိသူက ရေလမ်းထိန်းလုပ်ငန်း၊ တိုင်းတာရေးလုပ်ငန်း၊ သောင်တူးလုပ်ငန်း၊ ရေလမ်းညွှန်လုပ်ငန်း သို့မဟုတ် ရေပေါ်ရေအောက်အန္တရာယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် ရေယာဉ်များ ရပ်တန့်စောင့်ဆိုင်းရန် အချက်ပြထားသည်ကို လိုက်နာပြီး ရေယာဉ်ကို ဖြတ်သန်းခုတ်မောင်းသွားလာရမည်။

၁၆။ ရေယာဉ်မှူး၊ ရေယာဉ်အုပ်နှင့် တက်မကိုင်တို့သည် -

(က) မြစ်ချောင်းများအတွင်း ရေယာဉ်ကို ခုတ်မောင်းသွားလာရာတွင် သတ်မှတ်ထားသော ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြု၍မောင်းနှင်ရမည်။

(ခ) ရေလမ်းကြောင်းအတွင်း ရေယာဉ်သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ မဖြစ်စေရန် အမြဲဂရုပြု၍ မောင်းနှင်ရမည်။ အကယ်၍ သောင်တင်ခြင်းနှင့် သောင်ငြိခြင်းများ ဖြစ်ပေါ်ပါက ရေလမ်းကြောင်းပျက်စီးစေနိုင်သဖြင့် ရေယာဉ်ကို ချက်ချင်းရေနက်လမ်းကြောင်းသို့ ရွှေ့ပြောင်းနိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။ ထိုသို့ ရွှေ့ပြောင်းခြင်းမပြုနိုင်ပါက ဦးစီးဌာနသို့ အမြန်ဆုံး အကြောင်းကြားရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများမှအဆက် ]**

13. Services

Form-M3(iii)

(Value in thousand)

| **Sr. No.** | | **Particulars** | **20..../20.... (Provisional)** | | **20..../20.... (Actual)** | | **20..../20.... (Estimate)** | |
|---|---|---|---|---|---|---|---|---|
| | | | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** |
| 1 | | Income | | | | | | |
| | 1 | | | | | | | |
| | 2 | Other | | | | | | |

* Performance as at end .........20 .....

14. Cost of Operation

(Value in thousand)

| **Sr. No.** | **Particulars** | **20..../20.... (Provisional)** | | **20..../20.... (Actual)** | | **20..../20.... (Estimate)** | |
|---|---|---|---|---|---|---|---|
| | | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** |
| 1 | Room | | | | | | |
| 2 | Food and Beverage (Cost of Sales) | | | | | | |
| 3 | Administration Expenses | | | | | | |
| 4 | Overhead Costs | | | | | | |
| 5 | Lease/Rental | | | | | | |
| 6 | Insurance | | | | | | |
| 7 | Depreciation | | | | | | |
| 8 | Interest | | | | | | |
| 9 | Commercial Tax | | | | | | |
| 10 | Income Tax | | | | | | |
| 11 | Others | | | | | | |
| 12 | | | | | | | |
| 13 | | | | | | | |
| | Total | | | | | | |

* Performance as at end .........20 .....

15. Manpower

Form-M3(iv)

(Nos)

| **Sr. No.** | **Particulars** | **As per Proposal** | | **As at end.........** | |
|---|---|---|---|---|---|
| | | **Expatriate** | **Local** | **Expatriate** | **Local** |
| 1 | Management Personnel | | | | |
| 2 | Technical and Professional Personnel | | | | |
| 3 | Supervisory Staff | | | | |
| 4 | Office and Clerical Staff | | | | |
| 5 | Skilled and Semi-skilled Workers | | | | |
| 6 | Unskilled Workers | | | | |
| | Total | | | | |

16. Remuneration, Wages and Salaries

Form-M3(v)

(US$/Kyat in thousand)

| Sr. No. | | Particulars | As Per Proposal | | As at end..... | |
|---|---|---|---|---|---|---|
| | | | Expatriate | Local | Expatriate | Local |
| 1 | | Board of Directors | | | | |
| | 1 | | | | | |
| | 2 | | | | | |
| | 3 | | | | | |
| 2 | | Management Personnel | | | | |
| | 1 | Foreign Personal | | | | |
| | 2 | Local | | | | |
| 3 | | Technical and Professional Personnel | | | | |
| | 1 | Foreign Personnel | | | | |
| | 2 | Local | | | | |
| 4 | | Supervisory Staff | | | | |
| | 1 | Foreign Personnel | | | | |
| | 2 | Local | | | | |
| 5 | | Office and Clerical Staff | | | | |
| | 1 | Local Personnel | | | | |
| 6 | | Skilled and Semi-skilled Workers | | | | |
| | 1 | Local Personnel | | | | |
| 7 | | Unskilled Workers | | | | |
| | 1 | Local Personnel | | | | |

17. Financial Position

Form-M3(vi)

(Value in thousand)

| Sr. No. | | Particulars | 20..../20.... (Provisional) | 20..../20.... (Actual) | 20..../20.... (Estimate) |
|---|---|---|---|---|---|
| 1 | | Income | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 2 | | Expenditure | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 3 | | Net Profit before tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 4 | | Commercial Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 5 | | Income Tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |
| 6 | | Net Profit/Loss after tax | | | |
| | 1 | In Kyat | | | |
| | 2 | In US$ (in equivalent Kyat) | | | |

Form-M4(i)

**Performance Report for the Fiscal Year**
**20 to 20**

**Construction/Transports & Communication/Other Services**

| Serial No. | Particulars | As per Performance |
|---|---|---|
| 1 | Name of Enterprise | |
| 2 | Foreign Investment permit No. & Date<br>- Type of Business | |
| 3 | Date of signing of the contract<br>- JV Agreement<br>- B.O.T Agreement<br>- Lease Agreement<br>- Others | |
| 4 | Date of Incorporation | |
| 5 | Date of Approval of other Government Agencies | |
| 6 | Amount of Land Use Premium Payment, Annual Land Rental Payment etc and the Date of payment for each installment | |
| 7 | Amount of Performance Bank Guarantee & the Date of Issue / Payment | |
| 8 | Date of Ground Breaking, Construction, Renovation, etc. | |
| 9 | Progress in Construction, Renovation etc., | |
| 10 | Date of commencement of Operation | |

Note

To specify:

- Business Operation Licence issued by the relevant Ministry/Department.
- Others where necessary.

To note:

(1) To state the reason-should implementation is not effected according to the terms conditions specified in the agreement and to the schedule in the proposal.

(2) To specify any activity other than those stated above.

11. Equity Capital Contribution

Form-M4(ii)

(Value in thousand)

| **Sr. No.** | | **Particulars** | **As Per Proposal** | | | **20.....-20.....** | | | **As per performance** | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | **Foreign Equity** | | **Local Kyat** | **Foreign Equity** | | **Local Kyat** | **Foreign Equity** | | **Local Kyat** |
| | | | **US$** | **Eq.Kyat** | | **US$** | **Eq.Kyat** | | **US$** | **Eq.Kyat** | |
| 1 | | Authorised Capital | | | | | | | | | |
| 2 | | Paid-up Capital | | | | | | | | | |
| | 1 | Cash | | | | | | | | | |
| | 2 | Machinery and Equipment | | | | | | | | | |
| | 3 | Raw Materials | | | | | | | | | |
| | 4 | Others | | | | | | | | | |

Note- specify according to each phase of project.

- Performance as at end .................. 20 ......

12. Loan

(Value in thousand)

| **Sr. No.** | | **Particulars** | **Loan to be acquired as per proposal** | **Loan acquired up to end** | **Debt payment up to end....*** |
|---|---|---|---|---|---|
| 1 | | Foreign | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |
| 2 | | Domestic | | | |
| | 1 | Principal | | | |
| | 2 | Interest | | | |

* To specify yearly payment separately.

13. Services

Form-M4(iii)

(Value in thousand)

| **Sr. No.** | | **Particulars** | **20..../20.... (Provisional)** | | **20..../20.... (Actual)** | | **20..../20.... (Estimate)** | |
|---|---|---|---|---|---|---|---|---|
| | | | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** |
| 1 | | Income | | | | | | |
| | 1 | | | | | | | |
| | 2 | Other | | | | | | |

* Performance as at end .........20 .....

14. Cost of Operation

(Value in thousand)

| **Sr. No.** | **Particulars** | **20..../20.... (Provisional)** | | **20..../20.... (Actual)** | | **20..../20.... (Estimate)** | |
|---|---|---|---|---|---|---|---|
| | | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** | **US$** | **Eq.Kyat** |
| 1 | | | | | | | |
| 2 | | | | | | | |
| 3 | Administration Expenses | | | | | | |
| 4 | Overhead Costs | | | | | | |
| 5 | Lease/Rental | | | | | | |
| 6 | Insurance | | | | | | |
| 7 | Depreciation | | | | | | |
| 8 | Interest | | | | | | |
| 9 | Commercial Tax | | | | | | |
| 10 | Income Tax | | | | | | |
| 11 | Others | | | | | | |
| 12 | | | | | | | |
| 13 | | | | | | | |
| | Total | | | | | | |

* Performance as at end .........20 .....

15. Manpower

Form-M4(iv)

(Nos)

| **Sr. No.** | **Particulars** | **As per Proposal** | | **As at end.........** | |
|---|---|---|---|---|---|
| | | **Expatriate** | **Local** | **Expatriate** | **Local** |
| 1 | Management Personnel | | | | |
| 2 | Technical and Professional Personnel | | | | |
| 3 | Supervisory Staff | | | | |
| 4 | Office and Clerical Staff | | | | |
| 5 | Skilled and Semi-skilled Workers | | | | |
| 6 | Unskilled Workers | | | | |
| | Total | | | | |

16. Remuneration, Wages and Salaries

Form-M4(v)

(US$/Kyat in thousand)

| Sr. No. | | Particulars | As Per Proposal | | As at end..... | |
|---|---|---|---|---|---|---|
| | | | Expatriate | Local | Expatriate | Local |
| 1 | | Board of Directors | | | | |
| | 1 | | | | | |
| | 2 | | | | | |
| | 3 | | | | | |
| 2 | | Management Personnel | | | | |
| | 1 | Foreign Personal | | | | |
| | 2 | Local | | | | |
| 3 | | Technical And Professional Personnel | | | | |
| | 1 | Foreign Personnel | | | | |
| | 2 | Local | | | | |
| 4 | | Supervisory Staff | | | | |
| | 1 | Foreign Personnel | | | | |
| | 2 | Local | | | | |
| 5 | | Office and Clerical Staff | | | | |
| | 1 | Local Personnel | | | | |
| 6 | | Skilled and Semi-skilled Workes | | | | |
| | 1 | Local Personnel | | | | |
| 7 | | Unskilled Workers | | | | |
| | 1 | Local Personnel | | | | |

17. Financial Position

Form-M4(vi)

(Value in thousand)

(၂) နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်း လုပ်ကိုင်ခွင့်ရှိစေရန် အသေးစား နှင့်အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လိုအပ်မည့် အကြီးစား စက်မှုလုပ်ငန်းများ ကိုတိုးချဲ့ ဆောင်ရွက်မည်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုလက်မှုကဏ္ဍ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုးမှာ ကျပ်သန်းပေါင်း(၄,၄၁၃,၄၅၉.၄) ရရှိရန် ရည်မှန်း ထားရှိပြီး၊ တိုးတက်မှုနှုန်း အနေဖြင့် ယခင်နှစ်အပေါ် ၁၁.၁ ရာခိုင်နှုန်း တိုးတက် ရရှိရန် ရည်မှန်းပါသည်။

**လျှပ်စစ်ဓါတ်အားကဏ္ဍရည်မှန်းချက်များ**

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ လျှပ်စစ်ဓါတ်အားကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓါတ်အားကို မြန်မာနိုင်ငံတော် ဓါတ်အားစနစ်မှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေး အတွက် မဟာဓါတ်အားလိုင်းများနှင့် ပင်မဓါတ်အားခွဲရုံများအား တည်ဆောက်ရန်နှင့် သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သား ပြည်သူများအား ဖြန့်ဖြူး နိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်မည် ။

(၂) ပင်မဓါတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထု မှပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓါတ်အားပေး စက်များတပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေး မည်။

(၃) ဓါတ်အားစနစ်မှ လျှပ်စစ်ဓါတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်ဓါတ်အားပေးစက်များဖြင့် လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည် ။

(၄) လျှပ်စစ်ဓါတ်အားထုတ်လုပ် ၊ ပို့လွှတ် ၊ ဖြန့်ဖြူး ၊ သုံးစွဲနေသော မြန်မာနိုင်ငံဓါတ်အား စနစ်၏ အရည်အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအဆင့် အတွင်း ဓါတ်အားပြတ်တောက်မှုနှင့် ဓါတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ ကျွမ်းကျင်ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာ အကူအညီ ရယူကာ ဆက်လက် ဆောင်ရွက်မည် ။

(၅) မြန်မာနိုင်ငံတွင်လျှပ်စစ်ဓါတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရေအားလျှပ်စစ် ဓါတ်အားထုတ်လုပ်မှုများအပြင်သဘာဝဓါတ်ငွေ့သုံးဓါတ်အားပေးစက်များ မောင်းနှင ရေး ဆောင်ရွက်ရန်နှင့် လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓါတ်အားပေး စက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ် တည်ဆောက်၍ ဓါတ်အားလိုအပ်ချက်ကို အားဖြည့် ကူညီ ပံ့ပိုးပေးမည် ။

(၆) ရန်ကုန်တိုင်းဒေသကြီးနှင့် အသစ်တည်ဆောက်လျက်ရှိသော သီလဝါအထူး စီးပွား ရေးဇုန် သို့ဓါတ်အားပေးနိုင်ရေးအတွက် ရန်ကုန်မြို့အနီးတွင် သင့်တော်မည့် တပ်ဆင် အင်အား ပမာဏ ရှိသော သဘာဝဓါတ်ငွေ့နှင့်စွန့်ပစ်အပူသုံး ဓါတ်အားပေး စက်ရုံများ ကိုလည်း အကောင်အထည် ဖေါ်ဆောင်ရွက်သွားမည် ။

(၇) သုံးစွဲမည့် ယူနစ်ကို ယခင်နှစ်ထက် (၁၉%) တိုးတက်ရန်နှင့် ယူနစ်သန်းပေါင်း (၄,၉၉၀)ထိ သုံးစွဲနိုင်ရန် ရည်မှန်းပါသည်။

(၈) 66KV / 33KV / 0.4KV ခွဲရုံနှင့် ဆက်စပ်လုပ်ငန်းများ၊ မြေအောက်ကြိုးနှင့် ကောင်းကင် လိုင်းများ၊ အရေးပေါ်ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို တိုးမြင့် ဆောင်ရွက် မည်။

(၉) အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကလျှပ်စစ်ဓါတ်အား ထုတ်လုပ်မှု စနစ် Independent Power Producer ( IPP ) ကိုစတင်ကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည် ။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း(၁၃၈,၁၈၀.၂) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၂.၇ ရာခိုင်နှုန်း တိုးတက်ရည်မှန်းထားပါသည်။

**ဆောက်လုပ်ရေးကဏ္ဍ ရည်မှန်းချက်များ**

၁၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**(က)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းကာလအတွင်း ပြည်ထောင်စု လမ်းမကြီးကို ကတ္တရာလမ်း ၂၃၈ မိုင် ၇ ဖါလုံ ဆောင်ရွက်ရန်နှင့် အခြားလမ်းမကြီးများကို ၃၈၆ မိုင် ၄ ဖါလုံ ဆောက်လုပ်ရန် ရည်မှန်းထားရှိပါသည်။

(၂) တံတား အမျိုးအစားလိုက် ဆောင်ရွက်မှုတွင် သံအားဖြည့် ကွန်ကရစ်တံတား (၁၅) စင်း နှင့် ဘေလီ ကြိုးတံတား (၁)စင်း တည်ဆောက်ရန်ရည်မှန်း ထားရှိပါသည်။

(၃) ဒလ-လက်ခုတ်ကုန်း(ကော့မှူးကားလမ်း)၃ မိုင် ၊ ဒလ-လက်ခုတ်ကုန်း(ကွမ်းခြံကုန်း) ၃ မိုင်၊ ၂.၈ ဖာလုံ ၊ကွမ်းခြံကုန်း-တော်ခရမ်း(အနောက်) ၄ မိုင် ၅.၈ ဖာလုံ၊ မန်ကျည်းကန်-ငှက်အော်စန်း-ကျိုက်ထော်လမ်း ၁၆ မိုင် ၂.၈ ဖာလုံ၊ ကော့မှူး-ဝါးဘလောက်သောက်-သရက်တော် ၁၆ မိုင် ၃.၈ ဖာလုံရှိလမ်းများကို ဂျပန်နိုင်ငံမှပေးအပ်မည့် တရားဝင်ဖွံ့ဖြိုးမှုအကူအညီချေးငွေ (ODA Loan) ဖြင့်ဆောင်ရွက်သွားရန် ရည်မှန်းပါသည်။

(၄) ရွှေဂုံတိုင် ဂုံးကျော်တံတားနှင့် ဘုရင့်နောင် ဂုံးကျော်တံတား အပြီးသတ်တည်ဆောက်ရန် ရည်မှန်းထားပါသည်။

**(ခ)လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

(၁) စီမံကိန်းကာလအတွင်း ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ အဆောက်အအုံများ တည်ဆောက် ခြင်း၊ လမ်းတံတား စသည်တို့ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများတွင် (၁၉၂၀၄.၄) ကျပ်သန်းကျခံသုံးစွဲ ဆောင်ရွက် ရန် ရည်မှန်းထားရှိပါသည်။

**(ဂ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(၁) ရန်ကုန်မြို့အား မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ် လည်းကောင်း ၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားပြီး သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်စေသော မြို့အဖြစ် လည်းကောင်းတည်ဆောက်မည် ။

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် စက်မှုဇုန် ၊ စီးပွားရေးဇုန် မြေနေရာများ ဖော်ထုတ်ခြင်း၊ အဆိုပါနေရာများအတွက် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေး လမ်းကြောင်းများ ကောင်းမွန်စေခြင်းဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေသည့်အပြင် ပြည်သူလူထုအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးမည် ။

(၃) သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်ရေးအတွက် မြေထု ၊ ရေထု ၊ လေထု ၊ ညစ်ညမ်းမှု အားထိန်းသိမ်းခြင်း ၊ စဥ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာသည့်စနစ်ထားရှိခြင်း ၊ စိမ်းလန်း နယ်မြေထားရှိခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်စေပြီး ပြည်သူလူထု အား ကျန်းမာရေးအဆင့်အတန်းများ တိုးတက်ကောင်းမွန်စေမည် ။

(၄) ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဝင်ငွေ ၊အဆင့်အတန်း ၊ လူတန်းစားအလွှာ အလိုက် သင့်လျော်သော အိမ်ရာများတွင် အခြေချနေထိုင်နိုင်ရေး ဆောင်ရွက် ပေးမည် ။

(၅) လူနေသိပ်သည်းမှု နည်းပါးသည့် မြို့သစ် မြို့နယ်များတွင် တန်ဘိုးမျှတအိမ်ယာများ အမြောက်အများတည်ဆောက်ပေးခြင်းဖြင့် အိမ်ဈေးမြင့်တက်မှုများအား လျော့ချနိုင်ရမည် ။

(၆) လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် မူလတည်ရှိသည့်လမ်းများ တိုးတက်ကောင်းမွန် အောင် ပြုပြင်ခြင်း ၊ ယာဥ်သွားလာမှုကျပ်တည်းသည့် လမ်းကြောင်းများ

အား တိုးချဲ့ခြင်း ၊ လမ်းဆုံနေရာများအား ဂုံးကျော်တံတား တည်ဆောက်ခြင်းတို့ ဆောင်ရွက်မည် ။

(၇) ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် အများပြည်သူပို့ဆောင်ရေး စနစ်များ အား တိုးမြှင့်ဆောင်ရွက်မည် ။

(၈) လမ်းများ တိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း ၊ ယာဉ်သွားလာမှုကျပ်တည်းသည့် လမ်း ကြောင်းများအား တိုးချဲ့ခြင်း၊ လမ်းဆုံနေရာများအား ဂုံးကျော်တံတားတည် ဆောက်ခြင်း၊ ချောင်းကူးမြစ်ကူးတံတားနှင့် ဥမင်လှိုဏ်ခေါင်းလမ်းများ တည်ဆောက် ပေးခြင်း ဆောင်ရွက် မည် ။

(၉) မြို့တွင်း မြို့ပတ်ရထားလမ်းအား တိုးချဲ့ခြင်း ဆောင်ရွက်မည် ။

(၁၀) ရန်ကုန်မြို့ပြင်မှပတ်၍ အမြန်မြို့ပတ်လမ်းနှင့်ရထားလမ်း( Circular Express Roads ) တို့အားဖောက်လုပ်ခြင်း ဆောင်ရွက်မည် ။

(၁၁) အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation )တိုးမြှင့်ရေး အတွက် ယာဉ်လိုင်းများတိုးချဲ့ခြင်း ဘတ်စ်ကားအမြန် ပို့ဆောင်ရေးစနစ် (Bus Rapid Transist-BRT System ) အားဆောင်ရွက်မည် ။

(၁၂) မြို့ပတ်ရထားစနစ်အား တိုးချဲ့ခြင်းနှင့် ရန်ကုန်မြို့ ဗဟိုစီးပွားရေးဇုန် ( Central Business District – CBD Area )အတွင်း ယာဉ်သိပ်သည်းမှုလျော့ချနိုင်ရန် CBD အတွင်း ပတ်၍ ပြေးဆွဲနိုင်သော မိုးပျံရထားစနစ်များ ဆောင်ရွက်မည် ။

(၁၃) CBD Area ၏ သိပ်သည်းမှုလျော့ချနိုင်ရန်နှင့်ဒေသအနှံ့အပြား စီးပွားရေး ကောင်းမွန် စေရေးအတွက် ရန်ကုန်မြောက်ပိုင်းတွင် Secondary CBD တစ်ခု တည်ဆောက်ခြင်းနှင့် အဆိုပါနေရာအတွင်း သီးခြားဘတ်စ်လမ်းကြောင်းများ ပြင်ဆင်ဆောင်ရွက်မည် ။

၁၄။ စီမံကိန်းကာလအတွင်း လမ်းတံတားများ တည်ဆောက်ခြင်း၊ လျှပ်စစ်မီး တပ်ဆင်ခြင်း၊ ဆည်မြောင်းများ တည်ဆောက်ခြင်း၊ ပန်းဥယျာဉ်၊ ကစားကွင်းများ ၊ အိမ်ယာ အဆောက်အဦးများ တည်ဆောက် ပြုပြင်ခြင်း လုပ်ငန်းများနှင့် အခြားတည်ဆောက် မှုလုပ်ငန်းများလုပ်ဆောင်ရန် ရည်မှန်း ထားရှိပါသည်။

**(ဃ)ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ( ပန်းဥယျာဉ်နှင့် အားကစားကွင်း )**

(၁) သန့်ရှင်းစိမ်းလန်း ကြည်လင်သော မြို့တော်ရန်ကုန် ဟူသော ဆောင်ပုဒ်နှင့် အညီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအနေဖြင့် ရန်ကုန်မြို့တော်ကြီးအား အရိပ်ရပင်၊ ပန်းအလှများဖြင့် စီမံဆောင်ရွက်အလှဆင်ပြီး ပြည်သူများ၏ မျက်စိပသာဒ မြင်ကွင်းများတွင် စိတ်ကြည်လင်လန်းဆန်းစေအောင် ဆောင်ရွက်မည်။

(၂) ဌာန၏ လုပ်ငန်းသဘာဝအရ မြို့တော်တခွင် စိမ်းလန်းစိုပြေရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အားကစားကွင်းများ၊ဥယျာဉ် အဆင့်မြှင့်တင်ရေး လုပ်ငန်း များတွင် အလုပ်အကိုင်၊အခွင့်အလမ်းရရှိစေရေး ဖန်တီးဆောင်ရွက်ပေး ခြင်းဖြင့် ဆင်းရဲ နွမ်းပါးမှုပပျောက်စေရေး စီမံချက်နှင့်အညီ အထောက်အကူပြု ဆောင်ရွက်သွားမည်။

(၃) အများပြည်သူအပန်းဖြေအနားယူသည့် ဥယျာဉ်များ၊ကျန်းမာကြံ့ခိုင်ပျော်ရွှင် စေရေး အတွက် လေ့ကျင့် ဆောင်ရွက်နိုင်သည့် အားကစားကွင်းများ၊ လေ့ကျင့်ကွင်းများ နိုင်ငံတကာအဆင့် မီ ဖြစ်အောင် တတ်စွမ်းသမျှ ဆောင်ရွက်သွားမည်။

(၄) ဌာန၏အဓိကလုပ်ငန်းများဖြစ်သော အရိပ်ရပင်များစိုက်ပျိုးခြင်းကို ရည်မှန်းချက် များပြည့်မီ အောင်စိုက်ပျိုးခြင်း၊ ရှင်သန်အောင်ထိန်းသိမ်းခြင်းဖြင့် ကျန်းမာရေး အတွက် လေထု ညစ်ညမ်းမှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့များ လျော့နည်းသွားစေရန် အထောက်အကူဖြစ်စေသည့် တောအုပ်စိုက်ခင်းများ စီမံ ဆောင်ရွက် သွားမည်။

**(င)ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်းမြို့နယ်များတွင်အောက်ပါလုပ်ငန်းများအား စီမံကိန်း ကာလ အတွင်း ဆောင်ရွက် ရန်ရည်မှန်း ထားရှိပါသည်-

(က) တွံတေးတူးမြောင်း (၀)မိုင် အနီး ဆိပ်ကြီးကျွန်းငူ ကမ်းထိန်းလုပ်ငန်း

(ခ) တွံတေးတူးမြောင်း (၃)မိုင်ခွဲအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း

(ဂ) တွံတေးတူးမြောင်း (၂၁)မိုင်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊

(ဃ) ထန်းတပင် ကျွန်းငူရပ်ကွက် ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ၊

(င) ဒဂုံတံတား ကမ်းထိန်းရေးလုပ်ငန်းများ၊

(စ) (ဘုရင့်နောင်၊အောင်ဇေယျ၊ရွှေပြည်သာ)တံတား တိုင်းတာရေးလုပ်ငန်းများ ၊

(ဆ) တိုက်ကြီး အဖျောက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ

(ဇ) ဆိပ်ကြီး ခနောင်တို သောက်ရေကန် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ

(ဈ) အဖျောက် မြို့ စိန်ကလေးချောင်းပေါက် မျောတိုင်ရေကာလုပ်ငန်း၊

(ည) တာမွေ မေတ္တာညွန့်ရပ်ကွက် ဝေဠုမာကျောင်းတိုက် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း၊

(ဋ) မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ဘုန်းတော်ကြီး ကျောင်းများ အနီး ကမ်းပြို ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် ရည်မှန်းထား ရှိပါသည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ဆောက်လုပ်မှုကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်း ပေါင်း(၅၂၄,၂၂၈.၆) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁.၃ ရာခိုင်နှုန်း ရည်မှန်းထားပါသည်။

**ပို့ဆောင်ရေးကဏ္ဍရည်မှန်းချက်**

၁၆။ ရန်ကုန်တိုင်းဒေသကြီး၊ ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကုန်ပို့ဆောင်ရေးဌာနခွဲ၏ ကုန်စည်ပို့ဆောင်မှု ပမာဏ အား တိုင်းဒေသကြီးမှ ချမှတ်သည့် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက် မည်။

(၂) နိုင်ငံတကာတွင် အသုံးပြုနေသည့် Container ရေယာဉ်/တွဲယာဉ်များဖြင့် ကုန်စည် သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရေယာဉ်များ၊ တွဲယာဉ်များ၊ ဆိပ်ကမ်းများ တည်ဆောက်မည်။

(၃) လေယာဉ်မြေပြင် ဝန်ဆောင်မှုလုပ်ငန်းအား နိုင်ငံတကာအဆင့်မီ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားမည်။

(၄) F-28 လေယာဉ်အသုံးပြုမှု ရပ်ဆိုင်းမည့်ကာလကို ကြိုတင်မျှော်တွေးပြီး စီးပွားရေး တွက်ခြေကိုက်မှုကို အခြေခံ၍ မြန်မာနိုင်ငံနှင့် ကိုက်ညီသော စက်နှစ်လုံးတပ် Jet

လေယာဉ် ARJ- 21 လေယာဉ်များ ဖြင့်အစားထိုးခြင်း၊ MA-60 လေယာဉ်များ ထပ်မံ ဝယ်ယူခြင်း၊ ATR လေယာဉ်များအား ခေတ်နှင့် အညီအစားထိုး ပြောင်းလဲခြင်း လုပ်ငန်းများဆောင်ရွက်မည် ။

(၅) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာနအောက်ရှိ သင်္ဘောကျင်း (၃)ခုမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်း ရေယာဉ်(၈)စီး တည်ဆောက်မည်။

(၆) ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထောက်အကူပြုအဆောက်အအုံများ၊ ဆိပ်ခံ တံတား နှင့်ဆိပ်ခံဖောတံတားများ၊ မီးပြတိုက်များ၊ ဗောယာများ အကြီးစား မွမ်းမံ ခြင်းနှင့် အစားထိုး တည်ဆောက်ခြင်း၊ ရေလမ်းကြောင်း သောင်တူးဖော်ခြင်းနှင့် ဆိပ်ကမ်း နယ်မြေ၏လမ်း၊ မြောင်းနှင့်အခြားလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်း အကောင်အထည် ဖော်ဆောင်ရွက်မည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁,၇၂၃,၉၄၈.၄)ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၃.၀ ရာခိုင်နှုန်း တိုးတက် ရရှိရန် ရည်မှန်းပါသည်။

**ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်များ**

၁၈။ ရန်ကုန်တိုင်းဒေသကြီး၊ ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) မြို့ပြတွင် သာမက ကျေးလက် ဒေသ အထိ တယ်လီဖုန်း တိုးချဲ့ တပ်ဆင်ခြင်း ဆောင်ရွက်မည်။

(၂) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လက်ရှိတယ်လီဖုန်းသိပ်သည်းဆ ၁၀% ရှိရာမှ ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၇% ၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၀% ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇၅% ရရှိရန်နှင့် တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက် ဝန်ဆောင်မှု ကို ၅၀%အထိ တိုးတက် သုံးစွဲနိုင်ရေး ဆောင်ရွက်မည်။

(၃) မိုဘိုင်းတယ်လီဖုန်းများတိုးချဲ့ရေးစီမံကိန်းများ ဆောင်ရွက်၍ နိုင်ငံတကာ စံချိန် စံညွှန်းနှင့် အညီအကောင်အထည်ဖော်ဆောင်ရွက်ပြီး မြို့ပြနေ ပြည်သူများသာမက ကျေးလက် နေပြည်သူ များအထိ သုံးစွဲနိုင်ရေးအတွက် ဈေးနှုန်းလျှော့ချနိုင်ရေး စီစဉ် ဆောင်ရွက်မည်။

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို နည်းပညာ ပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၅) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် ၊အပြည်ပြည်ဆိုင်ရာ(International Gateway) အိတ်ချိန်း များ တိုးချဲ့ခြင်း ကိုလည်း ဆောင်ရွက်မည်။

(၆) ICT Master Planနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်။

(၇) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား၊ IPv6 စနစ်သို့ ပြောင်းလဲ သုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည်။

(၈) စာပို့တိုက်လုပ်ငန်းတွင်ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင် ဆောင်ရွက်မည်။

(၉) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များတွင် အရေးပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယို ကြေးနန်းစနစ်ကို အဆင့် မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ဖက်စ်ကြေးနန်း နှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ ခြင်းကို ဆောင်ရွက် မည်။

(၁၀) ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက် သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရေး အစီအစဉ်ရေးဆွဲ ဆောင်ရွက်မည်။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၃၄၂,၅၇၅.၂) ဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၄.၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**ငွေရေးကြေးရေးကဏ္ဍရည်မှန်းချက်**

၂၀။ ရန်ကုန်တိုင်းဒေသကြီး၊ ငွေရေးကြေးရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(၁) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ အသီးသီးတို့မှ လိုအပ်သော ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများကို

ဖြည့်ဆည်းလျက် နိုင်ငံတကာဘဏ်လုပ်ငန်းများတွင် အဆင့်အတန်းမီရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင် ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအားလုံးကို ငွေကြေးဝန်ဆောင်မှု များ၊ ခေတ်မီ ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်မည်။

(၃) နိုင်ငံတော်အတွက် ထိရောက်သည့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်၍ နိုင်ငံတော်အတွင်း စီးပွားရေး၊ ငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေး အတွက် ခိုင်မာပီပြင် သော စည်းမျဉ်း စည်းကမ်းများ ၊မူဝါဒများ၊ ငွေရေးကြေးရေးဆိုင်ရာ အကြံပေး အထောက်အကူ ပြုရေး ၊ ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများပေးရေးအတွက် စနစ်တကျ စီမံကိန်း မူဘောင်များချမှတ်သွားမည်။

(၄) နိုင်ငံတကာဘဏ်လုပ်ငန်းများတွင်ပြည်ပဘဏ်များနှင့် အဆင့်မီစွာယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည်။

(၅) နိုင်ငံတော် ၏ စီးပွားရေးကဏ္ဍ တိုးတက် ရေး တွင် နိုင်ငံခြား ငွေကြေး ထိန်းသိမ်းမှု လုပ်ငန်းများ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ဆိုင်သော နိုင်ငံတကာ ငွေပေး ငွေယူ လုပ်ငန်းများ၊နိုင်ငံတကာဘဏ်များ နှင့် ရင်ဘောင်တန်း၍ ခေတ်နှင့် အညီ တိကျ မြန်ဆန် သော ဝန်ဆောင်မှု ပေးမည်။

(၆) ပြည်တွင်းဘဏ်လုပ်ငန်းများအား အရည်အသွေး ပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်သော နိုင်ငံ တော်ပိုင် ဦးဆောင်ရသောဘဏ်များဖြစ်လာစေမည်။

(၇) အခြေခံလူတန်းစားများ၏ စားဝတ်နေရေး ဖူလုံစေရေးအတွက် ငွေကြေးလိုအပ်ချက် အား အတိုးနှုန်းသက်သာစွာဖြင့် အထောက်အကူပြုစေမည်။

(၈) ပြည်တွင်းအသားတင် ထုတ်လုပ်မှု စုစုပေါင်း ( GDP ) တိုးတက်စေရန် ရည်မှန်းချက် နှင့် ငွေကြေးဖောင်းပွမှု သင့်တင့် သည့် ပမာဏအတွင်း ထိန်းကွပ် ထားရှိရေးနှင့် ခေတ်နှင့် လျော်ညီသော ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက် မည်။

(၉) ခေတ်မီ ICT နည်းပညာ များ အပြည့်အဝ အသုံးချသော ဘဏ်လုပ်ငန်း စနစ်ဖြင့် အရည် အသွေး ပြည့်ဝသော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မည်။

(၁၀) နှစ်စဉ်ဝင်ငွေကို နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှု အပေါ် အခြေတည် ၍ မှန်မှန် တိုးတက် သွားစေမည်။

(၁၁) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင်အာမခံထားရှိမှုများ ပိုမိုကျယ်ပြန့်လာ စေမည်။

(၁၂) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍ တို့တွင် ဆုံးရှုံးပျက်စီးမှု များကို အာမခံထားရှိမှု အတိုင်းအတာအလိုက် အစားထိုးပေးလျော်စေမည်။

(၁၃) နိုင်ငံ ဝန်ထမ်းများဖြစ်သောပြည်သူ့ဝန်ထမ်းများနှင့် အများပြည်သူ၏ အကျိုး သက်ရောက် စေမည့် အခြားအာမခံအမျိုးအစားများကို ခေတ်နှင့်အညီ တိုးချဲ့ လုပ်ကိုင်သွား မည်။

(၁၄) နိုင်ငံပိုင်ဘဏ်များတွင် အပ်ငွေများ တိုးတက်စေခြင်းဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်း ရန်နှင့် စီးပွားရေးကဏ္ဍအတွက် အရေးကြီးသော ငွေကြေးများ ထိန်းသိမ်းမှု၊ လွှဲပို့မှု၊ စာရင်းရှင်းလင်းမှုများကို ချမှတ်ထားသော စည်းမျဉ်းများ နှင့်အညီ နှစ်စဉ် တိုးတက်အောင် ဆောင်ရွက်သွားမည်။

(၁၅) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် နှင့် အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင် ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေး ကဏ္ဍ အား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ရေးဆွဲထား သော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင် ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ် ထပ်မံ ရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာ အဆင့်အတန်း နှင့် အညီဖြစ်စေမည်။

၂၁။ ရန်ကုန်တိုင်းဒေသကြီး၏ ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၄၀,၉၁၂.၇) ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၂၁.၀ ရာခိုင်နှုန်း တိုးတက် ရရှိရန် ရည်မှန်းပါသည်။

**လူမှုရေး နှင့်စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်များ**

၂၂။ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍ ရည်မှန်းချက်များမှာ တစ်ဖက်ပါ အတိုင်း ဖြစ်သည်-

**(က)ကျန်းမာရေးဦးစီးဌာန**

(၁) ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုအတွက် အားဖြည့်ဆောင်ရွက်မည်။

(၂) ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ ဆေးရုံများအဆင့်မြှင့်တင်ရေးနှင့် အရန်သားဖွား ဆရာမ များအတွက် သင်တန်းများဖွင့်လှစ်မည်။

(၃) ဒေသအလိုက် ဦးစားပေး ကျန်းမာရေးပြဿနာများ ဖော်ထုတ်ပြီး ဖြေရှင်းမည့် နည်းလမ်းများ ရှာဖွေ ဆောင်ရွက်မည်။

(၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုက်နယ် ဆေးရုံ ( ၈ ) ရုံ၊ မြို့နယ်ဆေးရုံ ( ၆ )ရုံ၊ ဒေသန္တရ ကျန်းမာရေးဌာန (၂၈ ) ခု၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ( ၁၅ )ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေး အတွက် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွား မည် ဖြစ် ပါသည်။

**(ခ)ပညာရေး**

အမှတ်(၃)အခြေခံပညာဦးစီးဌာန

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၂) မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန် ဆောင်ရွက်မည်။

(၃) အနှစ်(၃၀) နှစ်ရှည် စီမံကိန်းရည်မှန်းချက်ဘောင်အတွင်းမှ (၅)နှစ် စီမံကိန်း၏ တတိယနှစ် နှစ်စဉ်စီမံကိန်း ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး ဆောင်ရွက်မည်။

(၄) ထောင်စုနှစ် ရည်မှန်းချက်များပြည့်မီရေး ဆောင်ရွက်သွားမည်။

**(ဂ)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(၁) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံး၊ မြို့နယ်ရုံးခွဲများအနေဖြင့် **အစဉ်လေ့လာဆည်းပူး သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း** (Life Long Learning Society) ဖြစ်လာရေး အတွက်

ကျေးရွာ စာကြည့်တိုက်များနှင့် ရပ်ကွက်စာကြည့်တိုက်များအား ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင် အဆောက်အဦး၊ ပရိဘောဂ၊ စာအုပ်များနှင့် ငွေပဒေသာပင်များ ပြည့်စုံရန်နှင့် ကျန်ရှိနေသော ကျေးရွာစာကြည့်တိုက်များနှင့် ရပ်ကွက် စာကြည့်တိုက်များ အား ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်။

(၂) ရပ်ကွက် / ကျေးရွာစာကြည့်တိုက်များအား အခြေခံ၍ နယ်လှည့်ကွင်းဆင်းပြီး ဓါတ်ပုံပြပွဲ၊ နံရံကပ်စာစောင် ပြပွဲ၊ ဟောပြောပွဲများ ကျင်းပ ဆောင်ရွက်ရန် နှင့် မြို့နယ်အလိုက် စာကြည့်တိုက် ဆင့်ပွားပညာပေး ရက်တို သင်တန်းများ ဖွင့်လှစ်မည်။

(၃) ရပ်ကွက် / ကျေးရွာနှင့် အခြေခံကျောင်းများတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင် ရေးပွဲတော်များ ကျင်းပပြုလုပ်သွားမည်။

(၄) ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်ပြည်သူများအား နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများ အဖြစ်ဖြန့်ဝေပေးနိုင်ရန် နှင့် ကျယ်ကျယ် ပြန့်ပြန့်ဖြန့်ချိနိုင်အောင် ဆောင်ရွက်မည်။

(၅) တိုင်းဒေသကြီး၊ခရိုင်၊မြို့နယ်ရုံးမှဦးစီးမှူးများအနေဖြင့် အခြားဌာန/ အသင်းအဖွဲ့ များ တွင် ဖွဲ့စည်းတည်ထောင်သော စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတွင်ကူညီခြင်း၊ သင်တန်းများ ပို့ချဆွေးနွေးမှုများ ဆောင်ရွက်မည်။

၂၃။ ရန်ကုန်တိုင်းဒေသကြီး၏ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၂၉၆,၈၆၈.၈) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁.၅ ရာခိုင်နှုန်း တိုးတက် ရရှိရန်ရည်မှန်းပါသည်။

**ဌာနရမ်းခနှင့်အခြားဝန်ဆောင် မှု**

၂၄။ ရန်ကုန်တိုင်းဒေသကြီး၊ ဌာနရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ရည်မှန်းချက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည်-

**(က)ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း**

(၁) မြန်မာနိုင်ငံသို့ (၂၀၁၁-၂၀၁၂-၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ငါးနှစ် စီမံကိန်းကာလ ကုန်ဆုံးချိန်တွင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း (၁.၄) သန်း ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်မည်။

(၂) မြန်မာဟိုတယ် နှင့် ခရီးသွားလုပ်ငန်းသည် ငါးနှစ် စီမံကိန်းကာလကုန်ဆုံးလျှင် ၂၀၁၀-၂၀၁၁ခုနှစ် အခြေခံနှစ် ဝင်ငွေ၏ (၁.၁၉)ဆ တိုးတက်ရရှိရေးအတွက် နှစ်စဉ် တိုးမြှင့်ဆောင်ရွက်သွားမည်။

**(ခ)မြန်မာ့ရုပ်ရှင်လုပ်ငန်း**

(၁) ဌာနဝင်ငွေတိုးတက်အောင်ရှာဖွေရန်၊ ဘက်ညီ ဘတ်ဂျက်ဖြစ်အောင်ဆောင်ရွက်ရန်၊

(၂) မြန်မာရုပ်ရှင်၊ဗီဒီယိုကားများ ပြည်ပနှင့် ပူးတွဲထုတ်လုပ်၍ ပြည်တွင်းပြည်ပ ပြသပြီးဈေး ကွက်တိုးချဲ့မည်။

**(ဂ)မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

(၁) ပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်း မြင့်မားတိုးတက်စေပြီး အလုပ်အကိုင် အခွင့်လမ်းများနှင့် လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် အိမ်ရာ စီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန် စီမံကိန်းများကိုစနစ်တကျရေးဆွဲ ဆောင်ရွက်မည်။

(၂) နိုင်ငံသားတိုင်း၏ လိုအပ်ချက်များ နှင့် တတ်နိုင်စွမ်းအားအလိုက်နေရာဒေသအမျိုးမျိုးတွင် ကောင်းမွန် သင့်လျော်သော အိမ်ရာအမျိုးမျိုးကို စီမံကိန်းများ ရေးဆွဲ အကောင်အထည် ဖော်ပြီးဖြည့်ဆည်းဆောင်ရွက်မည် ။

**သမဝါယမပိုင်အခန်း**

**ရည်မှန်းချက်များ**

(၁) စီမံကိန်းကာလအတွင်း သမဝါယမအသင်းများ၏ စီမံကိန်း အကောင်အထည်ဖော်မှုကို ရာခိုင်နှုန်းပြည့်မှီအောင်ဆောင်ရွက်မည်။

(၂) လူတန်းစားအလွှာပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်စေမည့် သမဝါယမအသင်း အမျိုးအစား များ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်။

(၃) လိုအပ်သောငွေကြေးအရင်းအနှီးရရှိစေရန်နှင့် ဘဏ္ဍာရေးခိုင်မာမှုရှိစေရန် အစုတန်ဖိုး တိုးမြှင့်ခြင်းများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများဆောင်ရွက်မည်။

(၄) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သောငွေကြေး အရင်းအနှီးရရှိစေရန်အသေးစားချေးငွေများထုတ်ချေးပေးရန်စီစဉ်သည်။

၂၅။ ရန်ကုန်တိုင်းဒေသကြီး၏ ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း(၁၆၄,၉၇၄.၆)ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁၂.၇ ရာခိုင်နှုန်းတိုးတက် ရရှိရန်ရည်မှန်းပါသည်။

**ကုန်သွယ်မှုကဏ္ဍ**

၂၆။ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(၁) ကုန်သွယ်မှုပမာဏတိုးတက်ရေး၊

(၂) ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက် အောင် အားပေးမြှင့်တင်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက် တွင် မြန်မာ့ထွက်ကုန်များဈေးကွက်ဝေစုပိုမိုရရှိရေး၊

(၄) ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်တွင်းမှ ထုတ်လုပ်သောထုတ်ကုန် အမျိုးမျိုး တိုးမြှင့် တင်ပို့ဆောင်ရွက်မည်။

(၅) ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်မည်။

(၆) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုး ကူညီ ဆောင်ရွက်မည်။

(၇) အသားတင်ထုတ်လုပ်မှု တန်ဖိုး တွက်ချက်ရာတွင် ကုန်သွယ်မှုကဏ္ဍမှ ပါဝင်မှုအချိုးအစား မြှင့်တင်ရေး

(၈) ကုန်သွယ်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် ပံ့ပိုး ကူညီ ဆောင်ရွက်ရေး၊

(၉) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရေး၊

(၁၀) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရန်၊

(၁၁) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့်ကုန်ဈေးနှုန်း တည်ငြိမ်စေရေး အတွက် ထိန်းကြောင်း ပေးရေး၊

၂၇။ ရန်ကုန်တိုင်းဒေသကြီး၏ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်း ပေါင်း (၂,၆၆၄,၂၃၁.၇)ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၆.၅ ရာခိုင်နှုန်း တိုးတက် ရရှိရန် ရည်မှန်းပါသည်။

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်**

၂၈။ ရန်ကုန်တိုင်းဒေသကြီး၏ ဝန်ကြီးဌာနအလိုက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက် (ငွေလုံးငွေရင်းအသုံးစရိတ်)မှာ ကျပ်သန်းပေါင်း (၉၆,၀၅၅.၈၆၂)ဖြစ်ပါသည်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


| ရန်ကုန်မြို့ | ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်<br>( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) | သောကြာနေ့ |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
### ရုံးအမှတ် (၃၂)
### အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

ဆန္ဒအလျောက်ဖျက်သိမ်းခြင်း (Voluntary Winding Up) ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသော မြန်မာကုမ္ပဏီ (၂၅) ခုအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၃) ကြိမ်မြောက် အစည်း အဝေးမှ သဘောတူဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၃ မှ ပုဒ်မ ၂၀၈ နှင့်အညီ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်လိုက်သည်။

**ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာသောကုမ္ပဏီ (၂၅) ခု**

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်<br>အမှတ်/ရက်စွဲ | လုပ်ငန်း<br>အမျိုးအစား |
|---|---|---|---|
| ၁။ | တောင်းအင်(န်)စီတီး ကုမ္ပဏီလီမိတက်<br>Town And City Co., Ltd.<br>အမှတ် (၃)၊ (၁၀၅) လမ်း၊ မင်္ဂလာတောင်ညွန့်<br>မြို့နယ်၊ ရန်ကုန်မြို့။ | ၁၃၁၃/၉၆-၉၇<br>(၃၀-၁၀-၉၆) | ရောင်းဝယ်ရေး |
| ၂။ | လဝန်းသစ် ကုမ္ပဏီလီမိတက်<br>La Wun Thit Co., Ltd.<br>အမှတ် (၁၁၈/၁-၂)၊ ကျောက်စိမ်း (၅) လမ်း၊<br>စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ | ၇၃၆/၀၂-၀၃<br>(၅-၂-၀၃) | ရောင်းဝယ်ရေး |

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင် အမှတ်/ရက်စွဲ | လုပ်ငန်း အမျိုးအစား |
|---|---|---|---|
| ၃။ | ဖယောင်းပန်းလုပ်ငန်း ကုမ္ပဏီလီမိတက်<br>Camellia Enterprises Co., Ltd.<br>အမှတ် (၂၇၂)၊ အခန်း (၅၀၂)၊ ဒီအန်အိပ်ချ်ပ်တာဝါ၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၇၆၂/၀၄-၀၅<br>(၁၅-၃-၀၅) | ရောင်းဝယ်ရေး |
| ၄။ | ကြယ်နီလာ အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်<br>Sapphire Star International Co., Ltd.<br>အမှတ် (၅၅)၊ ဗိုလ်ရွဲလမ်း၊ (၅) ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ | ၇၅/၀၅-၀၆<br>(၈-၄-၀၅) | ရောင်းဝယ်ရေး |
| ၅။ | ချစ်ကြည်ရင်းနှီးမှု ကုမ္ပဏီလီမိတက်<br>Amity Co., Ltd.<br>အမှတ် (၂၃)၊ အခန်း (၇၀၂)၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၆၅၀/၀၅-၀၆<br>(၂၄-၁၁-၀၅) | ရောင်းဝယ်ရေး |
| ၆။ | ကျော်ကျော်ဦး ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်<br>Kyaw Kyaw Oo Trading Co., Ltd.<br>အကွက်အမှတ် (၇၉၈)၊ (၂၆) လမ်း၊ မဟာဇေယျာဘုံ ရပ်ကွက်၊ အောင်မြေသာဇံမြို့နယ်၊ မန္တလေးမြို့။ | ၁၀၃၈/၀၆-၀၇<br>(၂၀-၁၁-၀၆) | ရောင်းဝယ်ရေး |
| ၇။ | ဇလွန်ရှေ့ဆောင် (ပဲ) ကုမ္ပဏီလီမိတက်<br>Zalun Link (Beans) Co., Ltd.<br>အမှတ် (၂၉၉)၊ မြမာလာလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ | ၈၀၈/၀၉-၁၀<br>(၁၀-၉-၀၉) | ရောင်းဝယ်ရေး |
| ၈။ | အာရှအမြင့်ဆုံးလျှပ်စစ် ကုမ္ပဏီလီမိတက်<br>Asia Great Electric Co., Ltd.<br>အမှတ် (၆၉)၊ အခန်း (၁၁၀၆/၁၁၀၇)၊ (၁၁) လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၁၄၈/၀၉-၁၀<br>(၆-၁၁-၀၉) | ရောင်းဝယ်ရေး |
| ၉။ | စုပေါင်းစီးပွားဗဟို ကုမ္ပဏီလီမိတက်<br>United Business Centre Co., Ltd.<br>အမှတ် (၁၄/၁၆)၊ ဗိုလ်တထောင်ဘုရားလမ်းသွယ် (၂)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ | ၂၀၀၆/၁၀-၁၁<br>(၁၂-၁-၂၀၁၁) | ရောင်းဝယ်ရေး |
| ၁၀။ | မရစ်ဒစ်ယဲ(န်) အင်တာနေရှင်နယ် ဆားဗစ်ဆစ်(စ်) လီမိတက်<br>Meridian International Services Ltd.<br>အမှတ် (၂၁)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၇၉၂/၉၈-၉၉<br>(၁၃-၁၀-၉၈) | ဝန်ဆောင်မှု |
| ၁၁။ | အနာဂတ်၏သံလွင်ခက်လေးများ ကုမ္ပဏီလီမိတက်<br>Olive Branches Of Future Co., Ltd.<br>အမှတ် (၁၃/၁၅)၊ ပထမထပ် (ဘယ်)၊ လှည်းတန်း (၂) လမ်း၊ (၃) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ | ၂၃၁/၀၂-၀၃<br>(၂၅-၆-၀၂) | ဝန်ဆောင်မှု |

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင် အမှတ်/ရက်စွဲ | လုပ်ငန်း အမျိုးအစား |
|---|---|---|---|
| ၁၂။ | ထူးအံ့ဖွယ်ကြော်ငြာလုပ်ငန်း ကုမ္ပဏီလီမိတက်<br>Magic Advertising Co., Ltd.<br>တိုက်အမှတ် (၉/၁၀)၊ ဒုတိယထပ်၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ | ၅၄၅/၀၂-၀၃<br>(၁-၁၁-၀၂) | ဝန်ဆောင်မှု |
| ၁၃။ | အလွန်တောက်ပသောအနာဂတ် ကုမ္ပဏီလီမိတက်<br>Brighter Future Co., Ltd.<br>အမှတ် (၁၁၇)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၅၆၄/၀၄-၀၅<br>(၉-၂-၀၅) | ဝန်ဆောင်မှု |
| ၁၄။ | အရှေ့တိုင်းစွမ်းအား အင်ဂျင်နီယာများအုပ်စု ကုမ္ပဏီလီမိတက်<br>Orient Power Engineering Group Co., Ltd.<br>တိုက် (ဘီ-၄)၊ အခန်း (၂၀၂)၊ ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၁၀၀/၀၇-၀၈<br>(၂၉-၁၁-၀၇) | ဝန်ဆောင်မှု |
| ၁၅။ | ငွေအင်ကြင်း ကုမ္ပဏီလီမိတက်<br>Ngwe Inn Gyin Co., Ltd.<br>အမှတ် (၁၀၃)၊ ခရေရိပ်သာ၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ | ၄၁၅/၁၀-၁၁<br>(၁၈-၆-၁၀) | ဝန်ဆောင်မှု |
| ၁၆။ | မင်းသာ နည်းပညာဖွံ့ဖြိုးရေးနှင့် ရှေ့ဆောင် ကုမ္ပဏီလီမိတက်<br>Min Thar Technology Development & Pionner Co., Ltd.<br>အမှတ် (၈၂၂)၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၀၁၅/၉၉-၀၀<br>(၁၉-၁၀-၉၉) | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |
| ၁၇။ | တေးသီငှက် ပလပ်စတစ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်<br>Singing Bird Plastic Manufacturing Co., Ltd.<br>အမှတ် (၅၂/အေ)၊ ဦးမိုလမ်း၊ လှိုင်သာယာစက်မှုဇုန် (၁)၊ ရန်ကုန်မြို့။ | ၁၂၂၆/၀၀-၀၁<br>(၂၀-၃-၀၁) | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |
| ၁၈။ | ထိပ်တန်းသရဖူ ပလပ်စတစ်လုပ်ငန်းကုမ္ပဏီလီမိတက်<br>Super Crown Plastic Industry Co., Ltd.<br>အမှတ် (၄)၊ သဇင်မြိုင်လမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၈၈၃/၀၃-၀၄<br>(၁၅-၁-၀၄) | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |
| ၁၉။ | မြန်မာသစ်လွင်သော အဆင့်မြင့်ပလပ်စတစ်စက်မှု ကုမ္ပဏီလီမိတက်<br>Myanmar New Super Plastic Industry Co., Ltd.<br>အမှတ် (၄၆၀/၄၆၂)၊ မြေညီထပ်၊ မြလေးရုံလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | ၄၄၀/၀၄-၀၅<br>(၁-၇-၀၄) | စက်မှုလက်မှုနှင့် ထုတ်လုပ်မှု |

| စဉ် | ကုမ္ပဏီအမည် | မှတ်ပုံတင်<br>အမှတ်/ရက်စွဲ | လုပ်ငန်း<br>အမျိုးအစား |
|---|---|---|---|
| ၂၀။ | သုခကြယ်စင် ကုမ္ပဏီလီမိတက်<br>Thukha Kyeisin Co., Ltd.<br>အမှတ် (၅၅)၊ ရှမ်းကုန်းလမ်း၊<br>စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၂၁၂၇/၀၅-၀၆<br>(၇-၃-၀၆) | စက်မှုလက်မှုနှင့်<br>ထုတ်လုပ်မှု |
| ၂၁။ | လေးဦးအဖွဲ့ရေယွန် အထည်ချုပ်ကုမ္ပဏီလီမိတက်<br>Group Of Four Rayon Garment Co., Ltd.<br>အမှတ် (ပ-၂)၊ သပြေကုန်းအိမ်ရာ၊<br>ဇမ္ဗူသီရိမြို့၊ နေပြည်တော်။ | ၁၄၁/၁၁-၁၂<br>(၂၇-၄-၁၁) | စက်မှုလက်မှုနှင့်<br>ထုတ်လုပ်မှု |
| ၂၂။ | ရွှေစပါး ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်<br>Shwe Sapar Gems & Jewellery Co., Ltd.<br>အမှတ်-၅၄၊ ဒေါ်သိန်းတင်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ | ၄၈၁/၀၃-၀၄<br>(၁၄-၁၀-၀၃) | ကျောက်မျက် |
| ၂၃။ | ယွန်းဌာနီ ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်<br>Lacquer Land Travels & Tours Co., Ltd.<br>အမှတ် (၃၃)၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊<br>ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ | ၁၂၈၀/၀၄-၀၅<br>(၂၁-၁၂-၀၄) | ခရီးသွား |
| ၂၄။ | နန္ဒဝန် ဟိုတယ်ကုမ္ပဏီလီမိတက်<br>Nan Da Wun Hotel Co., Ltd.<br>အမှတ် (၈၀)၊ ရုံးကြီးလမ်း၊ နန္ဒဝန်အိမ်ရာ၊<br>ညောင်ရွှေ၊ ရှမ်းပြည်နယ်တောင်ပိုင်း။ | ၁၄၀၃/၉၆-၉၇<br>(၁၃-၁၁-၉၆) | ဟိုတယ် |
| ၂၅။ | အမြင့်ဆုံးအခြေခံအုတ်မြစ်ပုံစံ ကုမ္ပဏီလီမိတက်<br>Highest Foundation System Co., Ltd.<br>အမှတ် (၁၂/အေ)၊ ၆-မိုင်ခွဲ၊ ပြည်လမ်း၊<br>လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ | ၁၀၂၁/၁၁-၁၂<br>(၂၃-၆-၁၁) | ဆောက်လုပ်ရေး |

(ပုံ) အောင်နိုင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန။

## အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

အမှတ် ၈ ။ ။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၈၈/၂၀၁၂) နှင့် စီမံခန့်ခွဲရေးကော်မတီ (EC) အစည်းအဝေးအမှတ်စဉ် (၁၂/၂၀၁၂) အရ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး (စီမံ-၄) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာ (၆) နေရာတွင် အောက်ဖော်ပြပါ အရာထမ်း (၆) ဦးအား ယှဉ်တွဲပါ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးအသီးသီးတွင် ၎င်းတို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစတင်၍ ခန့်အပ်တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|
| ၁။ | ဦးဇော်မင်းဦး | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (တိုင်းဒေသကြီးရုံး) တနင်္သာရီတိုင်းဒေသကြီး |
| ၂။ | ဒေါ်ခင်စောသီ | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (တိုင်းဒေသကြီးရုံး) ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဒေါ်ခိုင်စိုးအေး | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (တိုင်းဒေသကြီးရုံး) မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဝင်းမာဦး | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (ပြည်နယ်ရုံး) ရှမ်းပြည်နယ် |
| ၅။ | ဒေါ်အေးအေးသန်း | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (တိုင်းဒေသကြီးရုံး) ပဲခူးတိုင်းဒေသကြီး |
| ၆။ | ဦးမျိုးမင်းအောင် | ဦးစီးအရာရှိ (စီမံ-၃) | လက်ထောက် ညွှန်ကြားရေးမှူး | အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန (တိုင်းဒေသကြီးရုံး) စစ်ကိုင်းတိုင်းဒေသကြီး |

ဒေါက်တာသန်းဝင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်
( ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် )

အမှတ် ၃၀၃ ။ ။ ဟပ္ပလင်းမြို့နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဦးမြင့်လှိုင် (၄၈၈၉) အား မြဝတီမြို့နယ်စာရင်းစစ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ မြို့နယ်စာရင်းစစ်အရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်အပ်လိုက်သည်။

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်
( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် )

အမှတ် ၃၄၇ ။ ။ အောက်ဖော်ပြပါ မြို့နယ်စာရင်းစစ်အရာရှိများအား မိမိတို့အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး/ခရိုင်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်နှင်းနွယ် (၁၈၂၀) | ကန့်ကြီးထောင့် | တနင်္သာရီတိုင်းဒေသကြီး |
| ၂။ | ဒေါ်ဦးခင်နု (၂၉၀၉) | ကျောက်တော် | ရခိုင်ပြည်နယ် (ရုံးအဖွဲ့) |
| ၃။ | ဒေါ်နန်းသိန်းမြ (၂၉၈၄) | နမ္မတူ | တောင်ကြီးခရိုင် |
| ၄။ | ဒေါ်ဦးခင် (၃၀၈၇) | စစ်တွေ | မိုင်းဖြတ်ခရိုင် |
| ၅။ | ဒေါ်သန်းသန်းဝင်း (၃၇၇၁) | ရန်ကင်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (စစ်ဆေးရေး-၆) |
| ၆။ | ဒေါ်သီသီခိုင် (၄၇၆၄) | လှိုင် | နေပြည်တော်စာရင်းစစ်ရုံး |

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်
( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

အမှတ် ၃၅၁ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား မိမိတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် မြို့နယ်စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရရှိသည့် မြို့နယ်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်ခင်သန်းရီ (၃၂၈၂) | ကရင်ပြည်နယ် | ကျွန်းလှ |
| ၂။ | ဒေါ်ခင်မာဦး (၄၈၅၃) | ဆိပ်ကမ်း | ဘီးလင်း |
| ၃။ | ဒေါ်ခင်စောဦး (၃၅၅၇) | ဒဂုံမြို့သစ် (မြောက်ပိုင်း) | စစ်တွေ |
| ၄။ | ဒေါ်ဌေးဌေးဝင်း (၄၇၁၃) | ပေါက်ခေါင်း | တောင်ကုတ် |

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် ( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### MYANMAR TOWARDS CO., LTD.
### ဖျက်သိမ်းရန် ကြေညာချက်

၁။ **MYANMAR TOWARDS CO., LTD.** ကို အစုရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းရန် ၂၀၁၃ ခုနှစ်၊ ဧပြီလ (၈) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

Daw Myint Myint Win
Managing Director
MYANMAR TOWARDS CO., LTD.

ဦးဇင်ဝေ (B.Com., C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## UNITED RAINBOW COMPANY LIMITED
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **UNITED RAINBOW COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၉-၄-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့်** B.Com (Q), C.P.A., Dip in Business Law (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဒေါ်စန္ဒာဝင်း
မန်နေးဂျင်းဒါရိုက်တာ
UNITED RAINBOW CO., LTD.

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## CONSTANT LOADSTAR COMPANY LIMITED
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **CONSTANT LOADSTAR COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၉-၄-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့်** B.Com (Q), C.P.A., Dip in Business Law (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးအောင်နိုင်မောင်မောင်
မန်နေးဂျင်းဒါရိုက်တာ
CONSTANT LOADSTAR CO., LTD.

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၂-၄-၂၀၁၃။